
ရှင်နွယ်ဟာန်
အချစ်စစ်ကို သက်သေပြ၍

အချစ်စစ်ကို သက်သေပြ၍
ဝတ္ထုတို စ/ဆုံး

"မောင် ခုတလော ဖြူဆီသိပ်မလာ သလိုပဲနော်"

"မင်းတို့ မိန်းမတွေဟာလေ အဲဒါပဲ စကားမရှိ စကားရှာနေတာ အခု လာနေပြီ မဟုတ်ဘူး လား ဘာလို့ အရစ် ရှည်နေတာလဲ"

"မဟုတ်ပါဘူး မောင်ရယ် ဖြူက မောင်ဘာများ ဖြစ်နေလဲလို့ စိတ်ပူလို့ ပါ"

"ခုမြင်ပြီမလား ငါဘာမှ မဖြစ်ဘူး စိတ်ပူမနေနဲ့ ခုရောဘာလို့ ချိန်းတာလဲ ငါကအားတာ မဟုတ်ဘူး "

မောင့်စကားကြောင့် ကျွန်မဝမ်းနည်း မိတာတော့ အမှန်။ မောင်အခု တလော ဖြူအပေါ် စိမ်းကားလာသည် ။ မောင်အသစ် တွေ့နေတာလား။ မဖြစ်နိုင်ပါဘူး။ မဟုတ်ပါစေနဲ့ ။ မောင်နဲ့ ဖြူဟာ ချစ်သူသက်တမ်း တစ်နှစ်ကျော်ခဲ့ပါပြီ။ မကြာခင် လက်ထပ်ကြ တော့မှာ ပါ။ မိဘတွေက လည်း သဘောတူ ပြီးသားပါ။ ဒါကို မောင်ကဘာကြောင့် အချိုးတွေ ပြောင်းနေရတာလဲ။ ကျွန်မစဉ်းစား မရခဲ့။

"မောင့်ကို သတိရလို့ ပေါ့ ပြီးတော့ မောင်နဲ့ မတွေ့ရတာ ကြာပြီလေ
"

"သတိရလို့ ဟုတ်လား မင်းကတော့ အလုပ်မရှိ အလုပ်ရှာနေတာပဲ ခုတွေ့ပြီးပြီ ဆိုတော့ ငါသွားတော့မယ်"

"နေပါဦး မောင်ရယ် စကားတောင် မပြောရသေးဘူးလေ"

"ဘာပြောဦးမလို့ လဲ"

"ဟိုလေ မောင်နဲ့ ဖြူတို့ လက်ထပ်ပြီးရင်နေ..."

"ကျွတ် လာပြန်ပြီ ငါ စိတ်မဝင်စားဘူး မင်း ကြိုက်တာလုပ် ဟုတ်ပြီ လား"

ကျွန်မစကားပင် မဆုံးလိုက် မောင်က ထွက်သွား တော့သည် ။ မောင် ဘာဖြစ်နေတာလဲ။ ကျွန်မ လှမ်းခေါ်ပေမဲ့ မောင်က လှည့်ပင်မကြည့်။ ကျွန်မ ဘာဆက်လုပ်ရမလဲ။ ကျွန်မ မောင့်ကို အရမ်းချစ်ခဲ့သည် ။ မောင် ကျွန်မအပေါ် သစ္စာဖောက် နေတာလား။ တစ်နေ့မှာ ပေ့ါ ကျွန်မ အိမ်မှာ ရှိနေတုန်း သူငယ်ချင်း ဖြစ်သူ ယွန်းမီ ရောက် လာပြီး...

"ဟယ် ယွန်း လာလေ"

"ဖြူ နင့်ကိုပြောစရာ ရှိလို့ လာတာ"

"အင်းပြောလေ"

"ပြောသာပြောရမှာ ငါလည်း မပြောချင်ဘူး"

"ပြောမှာ သာ ပြောစမ်းပါ မိယွန်းရယ်"

"ဟိုနေ့က နင့်လူဇေပိုင်ကို ငါကောင်မလေး တစ်ယောက်နဲ့ ဟိုတယ် ခန်းကနေ ထွက်လာတာ တွေ့လိုက်တယ် လွတ်မထား နဲ့ ဦးနော် နင်တို့ က မကြာခင် လက်ထပ်ကြ တော့မှာ လေ"

"ယွန်းရယ် နင်အမြင်မှားတာ များ လား"

"အမလေးဟယ် အမြင်မှားရအောင် ငါ့အသက် မကြီးသေးပါဘူး နင့်လူမှ နင့်လူအစစ် ကောင်မလေး ကတော့ ခပ်လန်းလန်းပဲ"

"ကျေးဇူးပါပဲ ယွန်းရယ်ခုလို လာပြောပြပေးတာ"

"ဒါဆို ငါပြန်ဦးမယ်လေ"

"အင်းပါ"

ယွန်း ပြန်သွားတော့ ကျွန်မမောင့်ဆီ ဖုန်းခေါ်လိုက်တယ်။

"တီ တီ တီ"

ဖုန်းက ဝင်နေသည် မကိုင်။ ကျွန်မလည်း မကိုင်မချင်း ခေါ်သည် ။ လေးကြိမ်မြောက် မှာ တော့...

"ဘာလဲကွာ ငါမအားလို့ မကိုင်တာ မင်းအလိုက် သိသင့်တယ်ဖြူ"

"မဟုတ်ပါဘူး မောင်ရယ် ဖြူက သတိရလို့ ပါ"

"ဒါပဲမလား"

ပြောပြီး ဖုန်းချသွားသော မောင်ကြောင့် ကျွန်မစိတ်တို့ က ဘယ်လိုဖြစ်သွားလဲ မသိ။ မသိစိတ်က ယွန်းမီ ပြောခဲ့သော ဟိုတယ်ကို သွားကြည့်ချင်စိတ် ဖြစ်ပေါ်လာသည် ။ ဒီလိုနဲ့ ကျွန်မ တက္ကစီငှားပြီး ယွန်းမီပြောတဲ့ ဟိုတယ်ကို လိုက်သွား လိုက်တယ်။ ရောက်တယ် ဆိုရင်ပဲ ဟိုတယ်ထဲမှ ထွက်လာတဲ့ မောင်နဲ့ မိန်းကလေး တစ်ယောက်ကို တွေ့လိုက်လျှင် ကျွန်မရင်ဘတ် တစ်ခုလုံး ဗလောင်ဆူ သွားတော့သည် ။

ကျွန်မနှုတ်ခမ်း နှစ်လွှာကို ဖိကိုက်ရင်း သူတို့ နှစ်ယောက်ရှေ့မှာ ပိတ်ရပ်ပစ် လိုက်တယ်။ ကျွန်မကိုလည်း မြင်ရော မောင်က ထိတ်လန့်သွားတယ်။

"မောင် အလုပ်မအားဘူး ဆိုတာဒါလား"

ဇေပိုင်လည်း ရုတ်တရက် ဖြူရောက်လာတော့ ...

"ဖြူ မင်းဘယ်လို ရောက်လာတာလဲ"

"ကျွန်မ မေးတာဖြေပါ သူကဘယ်သူလဲ"

"မောင်ရှင်းပြ ပါရစေဖြူ"

ဘေးမှ မိန်းကလေး ကလည်း ...

"ကိုကို သူက ဘယ်သူလဲဟင်"

ထိုမိန်းကလေး နှုတ်မှ မောင့်အား ကိုကိုလို့ ခေါ်သံကြောင့် ကျွန်မပို လို့ ပင် စိတ်တိုကာ...

"ဒီမှာ မိန်းကလေး သူက တို့ ချစ်သူပဲ မကြာခင် လက်ထပ် ကြတော့ မှာ ဒီလောက်ဆို မင်းနားလည်မှာ ပါ"

"ဟုတ်လား ကိုကို"

"မင်း အသာနေစမ်းပါ"

ကျွန်မ သူတို့ နှစ်ယောက်ကို ထားခဲ့ပြီး ထွက်ခဲ့လိုက်သည် ။ မောင့် အပေါ်လည်း စိတ်နာမိသည် ။ ကျွန်မအပေါ် လုပ်ရက်လေခြင်း ဆိုပြီး။ ဒီ လိုနဲ့ ကျွန်မမောင့်ကို မုန်းခဲ့သည် ။ အရင်ကဆို ကျွန်မကပဲစပြီး ဖုန်းခေါ် တတ်တဲ့ ကျွန်မက သူ့ဆီကို ဖုန်းလုံးဝ မခေါ်တော့ပါ။ ကျွန်မ မခေါ်တော့ သူခေါ်တယ်လေ။ ကျွန်မလုံးဝ မကိုင်ခဲ့ပါဘူး။ အိမ်ကို လာတွေ့ပြီး ကျွန် မကို တောင်းပန်သော်လည်း လက်မခံခဲ့။ ဒီလိုသာ ဆက်သွားနေရင် ကျွ န်မမောင့်ကို ဘယ်လို ယုံကြည်ရမလဲ မောင်ရယ်။ နောက်ဆုံးမှာ တော့ ကျွန်မမိဘ သူ့မိဘတွေရဲ့ ဖျောင်းဖြမှုကြောင့် ကျွန်မ မောင့်အပေါ်

စိတ်ပြေခဲ့ရသည် ။ အဲဒီနောက်မှာ တော့ မောင်နဲ့ ကျွန်မ လက်ထပ်ဖြစ်ခဲ့ပါတော့တယ်။ ရာသီတွေ အလီလီပြောင်း လမှ နှစ်သို့ ပြောင်းခဲ့ပါပြီ။ လက်ထပ်ခါစ ကတော့ မောင်ဟာ ခြေငြိမ်ပါတယ်။ နောက်ပိုင်းကျ မောင်ဟာ သူလူပျို တုန်းကလိုမျိုး အကျင့်စရိုက်မျိုး ထပ်ဖြစ်နေ ပြန်တယ်။ ကျွန်မသည်းခံ ခဲ့ပါတယ်။ ဒါပေမဲ့ အခြေအနေက ပိုဆိုးလာတယ်။ ခုဆို ဖြူမှာ မောင်နဲ့ ရတဲ့ သမီးလေးလည်း ရှိနေပြီ။ ခုတလော မောင်အိမ်ပြန်တာ နောက်ကျနေသည် ။ ဒီညလည်း နောက်ကျနေသည် ။ ခုပြန်လာတော့လည်း ကြည့်ဦးလေ ည(၁၂:၀၀)တဲ့ ။ ကျွန်မ ဘယ်လောက် ဒေါသဖြစ်မိလဲ။